

နှမ်ရှာသိုင်း
ဟိုဘက်ကမ်းက
မိုးထိန့်ထိန့်
ပန်းချီမောင်မောင်ဆိုက်

## ဤစာအုပ်နှင့် ပတ်သက်၍

စာဖတ်သူများအဖို့ ကျွန်တော်တို့၏ ဘဝများကို အပေါ်ယံ ကြောကြည့်၍ သာယာသည်။ အေးချမ်းသည်။ ပြည့်စုံသည်ဟု အားကျမိဖူးပါလိမ့်မည်။ ယင်းကိစ္စနှင့် စပ်လျဉ်း၍ ကျွန်တော်ဘာမှ မပြောလိုပါ။ သို့သော်.......

“ကျွန်တော်တို့တွင် ‘လူတခု၊ ပူမှုရယ်တဲ့ ဆယ်ကုဋေ’ ဆိုသကဲ့သို့ ပူလုံးကလေးများ ရှိကြပါသည်။ ကျွန်တော်တို့သည် မိဘ၊ ဆွေမျိုးသားချင်း၊ ဇနီး၊ သား၊ သမီး၊ ချစ်သူ၊ သူငယ်ချင်း၊ မိတ်ဆွေ၊ အပေါင်းအသင်းများနှင့် ခေတ္တ ခွဲခွာလျက် အပြောကျယ်သော ပင်လယ်သမုဒ္ဒရာများထဲတွင် သွားလာလှုပ်ရှားနေရ သူများ ဖြစ်ပါသည်။

ကျွန်တော်တို့သည် အနေအထား အမျိုးမျိုးကြောင့် ပတ်ဝန်းကျင်နယ်ပယ်ကျဉ်းမြောင်းပြီး လူနည်းစုနှင့်သာ အထိအတွေ့များသဖြင့် တသီးတခြား ဘဝတစ်ခုသို့ ရောက်သွားပါသည်။ ထိုအခါ ကျွန်တော်တို့ အားလုံးမှာ ဘဝ ပြဿနာများကို အကြောင်းရင်းခံ၍ အကျိုးတရားအနေဖြင့် အတွေးသမားများ ဖြစ်လာကြပါသည်။ သို့သော်......တွေးမောရုံကလွဲ၍ ဘာမှမလုပ်နိုင်ပါ။ နောက်ဆုံးတွင် အမြဲရေမြင်နေရသော်လည်း တစ်ခါတစ်ရံ စိတ်ထဲမကြည်မလင် ရင်ထဲ အလိုလိုပူလောင် လာတတ်ပါသည်။ ကျွန်တော်တို့မှာ ထိုအကျပ်အတည်းမှ ပြေးထွက်စရာ “မြေ” မရှိပါ။

“ကျွန်တော်တို့သည် သဘာဝ ဘေးဒဏ်များထဲမှ အပူဒဏ်၊ အအေးဒဏ်၊ လှိုင်းဒဏ်၊ လေဒဏ်၊ ဆီးနှင်းဒဏ်နှင့် မုန်တိုင်းဒဏ် ခံစားရသည်မှာကား လောက ငရဲ ပင်လယ်ထဲတွင် အရှင်လတ်လတ် ကြုံတွေ့နေရခြင်းဟု ယူဆမိပါသည်။ သဘာဝ ၏ အခြားမဲ့မှ ဘေးအန္တရာယ် တို့ကိုမူ ကျွန်တော်တို့ ကိုယ်တိုင် မတွေးထင်ချေ။

ကျွန်တော်သည် တစ်ချိန်က ကဗျာရေးဘက် ဖြစ်ဖူးသော “နွမ်းဂျာသိုင်း”

ကို လိုအပ်သော အကူအညီ ပေးခဲ့ပါသည်။

စာဖတ်သူများအဖို့ ကိုယ်ချင်းစာမှု ကလေးများ ကိန်းအောင်းတတ်ပါလျှင် ကျွန်တော်တို့ ကိုယ်စား ကျွန်တော် တစ်ခုပြောပါရစေ။ ကျွန်တော်တို့ မြန်မာလူမျိုး နိုင်ငံခြားပင်လယ်ကူး သင်္ဘောသားများ လုပ်ကိုင်တာဝန်ထမ်းဆောင်နေကြရသော နေရာသည် "ဗမာပြည်ထဲက ဧရာဝတီလဲမဟုတ်ပါ" လို့။

**မောင်ငယ်မြိုင် (မြိုင်းခြံ)**

***

**ဟိုဘက်ကမ်းက မီးထိန်ထိန်**

**ဟိုဘက်ကမ်းက မီးထိန်ထိန်**

**ဒီဘက်ကမ်းက မီးထိန်ထိန်**

**ဆီမီး ထိန်ထိန် ထွန်းပါတဲ့**

**မလွန်းတို့အိမ်.............။**

**(ရှေးသီချင်းဟောင်း ရေးသူအမည်မသိ)**

***

## ကမ္ဘာ့ပင်လယ်ပြင်တွင် အမှုထမ်းနေကြသော...........

## မြန်မာနိုင်ငံသား ပင်လယ်ကူးသင်္ဘောသားများသို့....

ရှေးဟောင်း ဂရိလူမျိုးတို့၏ အယူအဆတွင် ကမ္ဘာကြီးသည် စကောကြီးလို အဝိုင်းပြားပြားကြီး ဖြစ်သည်ဟုဆို၏ ။

ထိုစကောဝိုင်းကြီး၏ အနားသတ်တွင် ရေပြင်ကြီးသည် ပတ်လည် လှည့်စီးနေ၍ ထိုရေပြင်ကြီးသည် အဆုံးအစ မရှိ။

ကမ္ဘာကြီး၏ အဆုံးအစွန်း နယ်နိမိတ်သည် ထိုရေပြင် အဏ္ဏဝါပင်ဖြစ်၍ အဏ္ဏဝါ၏ ဟိုမှာဘက်သည် ကောင်းကင်ဘုံဖြစ်သည်ဟု ဆိုသည်။

ဂရိတို့၏ အယူအဆအရ အကယ်၍ လူသားတစ်ယောက်သည် ထိုရေပြင် အဏ္ဏဝါကို ဖြတ်သွားမည် ဆိုပါက လမ်းခရီးသည် တဖြည်းဖြည်း မှောင်သည်ထက် မှောင်လာမည်။

နောင်ဆုံး၌ အဏ္ဏဝါနှင့် ကောင်းကင်တို့ ထိစပ်ရာ ကြောက်မက်ဖွယ် လှိုင်းလုံးကြီးများရှိသော အရပ်သို့ ရောက်၍ ထိုအရပ်ရှိ ဝဲကတော့ကြီး အတွင်းတို့ ကျရောက်ကာ သေကြေပျက်စီး ရလိမ့်မည်ဟု အယူရှိခဲ့၏ ။

ဤအယူအဆသည် ခရစ်တော်မပေါ်မီ နှစ်ပေါင်း တစ်ထောင်လောက်စ၍ ခရစ်တော်ပေါ်ပြီး နှစ်ပေါင်း တစ်ထောင်လောက်အထိ ခေတ်စားခဲ့ဖြစ်သည်ဟု စာအုပ်တစ်အုပ်တွင် ကျွန်တော် ဖတ်ခဲ့ဖူးသည်။

ယခုမူကား................

***

# အပိုင်း (တစ်)

## ၁

ပြည်လမ်းအတိုင်း မောင်းနှင်လာသော ကားငယ်သည် ရုတ်တရက် ဂငယ်ပုံ ကွေ့ချလိုက်သည်။ လေယာဉ်ပုံ အမှတ် အသားပါရှိသော အဝါရောင်ဆိုင်းဘုတ်လေးကို ရိပ်ကနဲ မြင်လိုက်ရ၏။

ကားငယ်သည် အပင်စိမ်းအုပ်အုပ်များ ရံထားသည့် ကတ္တရာလမ်း အတိုင်း ခပ်မှန်မှန် မောင်း၍ ဝင်သည်။ ကျွန်တော့်ရင်ထဲ ပူပန်စိတ်ကလေးတစ်ခု ဝင်ရောက်လာ၏။

"သူ......ရောက်မှ ရောက်နေပါ့မလား"

ရင်ထဲတွင် တစ်လှပ်လှပ် လှုပ်ရှားသည်။ ထိုလှုပ်ရှားမှုကို ငြိမ်းတန်သလောက် ငြိမ်းရန် မျက်လုံးကို မသိမသာမှိတ်ထား လိုက်သည်။ ထိအခါ မျက်ခွံ၏ အကာကြောင့် မှောင်သွားသော အမြင်၌ သူ့ရုပ်ပုံကို တွေ့ရသည်။

"သား......အမေ မှာတာတွေ မမေ့နဲ့နော်"

သူငယ်ချင်းနှင့် အဖေက နောက်ခန်းမှာပင် ထိုင်သော်လည်း ကျွန်တော့်ခရီးအတွက် ဘယ်လိုမှ စိတ်ဒုန်းဒုန်းချ မအေးနိုင်သေးသော အမေက ကျွန်တော့်လက်ကို ခပ်တင်းတင်းဆုပ်၍ လေသံတုန်တုန်ဖြင့် ပြောသည်။

"စိတ်ချပါ အမေ"

အမေ့ကို ပြောပြီးမှ မျက်လုံးကို ဖြည်းညင်းစွာ ဖွင့်သည်။ မြင်လိုသော နေရာတစ်ဝိုက်ရှိ အဆောက်အအုံများ၏ အမိုးစွန်းများကို တွေ့ရပြီဖြစ်သည်။ ကားသည် ကုန်းမော့မော့လေး တစ်ခုကို ဦးတည်တက်လိုက်၏။

"ဟော"

အမေ့ နှုတ်မှ လွတ်ကနဲပြောသံ ကြားရသည်။ ကျွန်တော့် ရင်ထဲတွင်လည်း ထိတ်ကနဲခုန်သည်။ လေဆိပ် အဆောက်အအုံ အပြင်ဘက် ကားရပ်သောနေရာတွင် အဖြူရောင် ဖယ်မလီယာ တံခါးလေးပေါက် ကားကလေးတစ်စီး။

"ရောက်နေပြီသား"

"အမေ့ လေသံသည် သိပ် ဝမ်းသာအားရလည်း မဟုတ်၊ သာမန် ပြောရိုးပြောစဉ်လည်း မဟုတ်၊ ဝမ်းသာမှုနှင့် စိတ်လှုပ် ရှားမှုကြား၌ လွန်းထိုးပြေးလွှားနေသော ခံစားမှု၏ ခွတ်လတ် အရပ်မှ အသံ။

"ဟုတ်တယ် အမေ၊ သူ နည်းနည်းစော ရောက်မယ်လို့ ပြောထားတာပဲ"

ကားဖြူလေးထဲမှ ယုငယ်ဆင်း လိုက်သည်ကို မြင်ရသည်။

ကျွန်တော်တို့ ကားကလေးသည် ယုငယ်တို့ ကားဦးနှင့် မျက်စောင်းထိုးနေရာ၌ ကန့်လန့်ဖြတ် ရပ်လိုက်သည်။ ကားတံခါးကို ဖွင့်ရန် ခလုတ်ကိုင်းလေးကို ဆွဲသည်။ ခလုတ်ကိုင်းလေး လွယ်လင့် တကူ ဆွဲ၍ ခွာ၍ မရ။

"ဂျက်ကျနေတယ်ထင်တယ် ညီလေး"

ကားဆရာထံမှ အသံကြားရသည်။ ကျွန်တော် ကိုယ်ကို လှည့်သည်။. စောစောက လက်မောင်းနှင့် ဖိမိ၍ ကျသွားဟန် တူသော တံခါးဂျက်သော့တံကို ခပ်သွက်သွက်ဆွဲထုတ်၍ တံခါးဖွင့် ခလုတ်ကို ပြန်ခွာသည်။ ကားတံခါး ပွင့်သွားသည်။ အလောတကြီး ဆင်းဖြစ်သည်။

ယုငယ်၏ အပြုံးကို ဦးစွာမြင်ရ၏ ။

"ရောက်နေတာ ကြာပလား ယုငယ်"

မရန်းနုနု အထက်အောက်ဆင်တူနှင့် အဖြူရောင် ဆလင်းဘက်လေး လွယ်ထားသော ယုငယ်က ကျွန်တော့် အမေးကို အပြုံးမပျက် ခေါင်းခါသည်။

"ခုနပဲ ရောက်တယ် ကိုလေး၊ ယုငယ်က နောက်တောင်ကျနေပလားလို့"

ပြောယင်း နှင့် ကျွန်တော့်ကိုကျော်၍ ကြည့်သည်။ နံပါတ်နက် အငှားဒတ်ဆန်းကားပေါ်မှ ဆင်းလာသော အဖေ၊ အမေနှင့် ဝင်းဇော်ဦးကို လှမ်းကြည့် လျက် "ကိုဝင်းဇော်ဦးလဲ ပါလာတာကိုး" ဟု ကြားသာရုံပြောသည်။ ဝင်းဇော်ဦး ခေါင်းညိတ်ရင်း ပြုံးသည်။

"သမီး လာလို့မှ ရပ့်ါမလားလို့ အောက်မေ့နေတာ"

အမေ့ စကားကို ယုငယ်က ရှက်ပြုံးဖြင့် တုံ့ပြန်သည်။ တစ်ခုခု ပြန်ပြောရန်လည်း ဟန်ပြင်သည်။

"ဟော့ ကောင်၊ ဟိုမှာ....ကိုအောင်ကြည်တို့"

ဝင်းဇော်ဦးပြောလိုက်သဖြင့် ယုငယ်ထံမှ အကြည့်ကို လေဆိပ်အဆောက်အအုံဘက် ရွှေ့လိုက်သည်။

ပါးစပ်ကြီး ဖြဲရယ်လျက် လက်တစ်ဘက်မြှောက်....နှုတ်ဆက်လိုက်သော ကိုအောင်ကြည်ကို လူတစ်ယောက်နှင့် အတူ တွေ့လိုက်ရ၏ ။

ချိန်းဆိုထား သမျှတွင် တစ်ချက်မျှ အလွဲအချော် မရှိ......။

***

နာရီကို အမှတ်တမဲ့ ကြည့်လိုက်သည်။ တစ်နာရီခွဲတိတိ...........

"လေယာဉ်ပျံက.........ဘယ်နှစ်နာရီလဲ ကိုလေး......."

လေဆိပ်လုံခြုံရေး ဂိတ်ငယ်မှ ခွင့်ပြုချက်ယူ၍ ထွက်လာကတည်းက ကျွန်တော်နှင့် ဘေးချင်း ယှဉ်လျှောက်လာသော ယုငယ်က မေးသည်။

“ငါးနာရီ ယုငယ်”

လေဆိပ် အဆောက်အအုံထဲတွင် ခရီးသည်များနှင့် လိုက်ပို့သူ မိသားစုအချို့ကို တွေ့ရသည်။ ကိုအောင်ကြည်နှင့် အတူပါလာသော ကုမ္ပဏီ ကိုယ်စားလှယ်က ကျွန်တော်တို့ လူအုပ်၏ ရှေ့ဆုံးမှ သွားနေယင်း ကိုယ်ကိုလှည့်၍ ဧည့်သည်တွေက ဒီမှာ ခဏထိုင်နေပါဦး ဟုပြောသည်။ စာရွက် စာတမ်း ကိုင်ထားသော လက်နှင့် ညွှန်ပြလိုက်သော နေရာ၌ ဧည့်သည်ထိုင် ခုံတန်းလွတ် နှစ်လုံး။

“လာ……ခင်ဗျားတို့ နှစ်ယောက်က ကျွန်တော်နဲ့ လိုက်ခဲ့”

ကျွန်တော်က အမေတို့ ယုငယ်တို့ဘက်လှည့်၍ ခဏနော်ဟု လေသံနှင့် ပြောသည်။ အမေရော ယုငယ်ပါ ခေါင်းညိတ်ပြသည်။ အမေ့ မျက်လုံး များတွင် မျက်ရည်ကြည်များ ဝိုင်းနေသည်ကို သတိထားမိလိုက်၏ ။

ယုငယ်သည်လည်း မျက်နှာလေး ငယ်သွားသည်။

***

ထိုင်း……..နိုင်ငံတကာ လေကြောင်း

ကုမ္ပဏီလီမိတက်ဟုရေးထားသော ထိုင်းလေကြောင်း ကောင်တာရှေ့တွင် သုံးယောက်သားရပ်သည်။

ကောင်တာတွင်းမှ အမျိုးသမီးက….ကျွန်တော်တို့ကို မော့ကြည့်သည်။

“အောင်ကြည်နဲ့ ရဲမြတ်ထူး”

ကုမ္ပဏီကိုယ်စာလှယ်က ကျွန်တော်တို့ နှစ်ယောက် နာမည်ပြောသည်။ အမျိုးသမီးက သူ့ရှေ့ကောင်တာပေါ်မှ ခရီးသည် စာရင်းစာရွက်ကိုယူ၍

လက်ညှိုးနှင့် ထောက်ကာ တစ်နာမည်ချင်း ဖတ်သည်။

အမျိုးသမီး၏ မရန်းနုရောင် လက်သည်း ချွန်ချွန်လေး၏ ရွေ့လျားမှုကို ကျွန်တော် လိုက်ကြည့်သည်။ တစ်နေရာတွင် အမျိုးသမီး၏ လက်သည်းချွန်လေးများ ရပ်သွား၏။ ငုံ့ကြည့်နေသော အမျိုးသမီး၏ မျက်နှာမော့လာသည်။

"ဘက်ဂိတ်ချ် ပါသေးလား"

သီးသန့်သယ်ဆောင်ရမည့် အထုပ်အပိုး ပါရှိသလား ဟူသော အမေးကြောင့် ကုမ္ပဏီ ကိုယ်စားလှယ်က ကျွန်တော်တို့ဘက် ပြန်လှည့်ကြည့်သည်။ ကိုယ်တော်က ဘာပြန်ဖြေရမှန်းမသိသဖြင့် ကြောင်ကြည့်နေဆဲ ကိုအောင်ကြည်က ဖျတ်လတ်သွက်လက်စွာ ဝင်ပြောသည်။

"မပါပါဘူး၊ ဟင်းန်ကယ်ရီယာ အနေနဲ့ ဒီဟာတွေပဲပါတယ်"

လေကြောင်း ဌာနမှ အမျိုးသမီးက ကိုအောင်ကြည် လက်ဆွဲသယ်ယူမည်ဟု ပြောလိုက်သော ပခုံးလွယ် သားရေအိတ် တစ်စုံတစ်ခုကို လှမ်းယူသည်။

ထို့နောက် သူ လှမ်းယူလိုက်သော သေးသေးရှည်ရှည် စာအုပ်လို အရာလေးကို တစ်ရွက်နှစ်ရွက် လှမ်းကြည့်ပြီး စောစောက စာရင်းနှင့် တိုက်သည်။ ထိုနောက် ထိုစာရွက်ထပ်လေးကို ကုမ္ပဏီ ကိုယ်စားလှယ်အား ပေးသည်။ ကိုယ်စားလှယ်က ကျွန်တော်တို့ကို ကမ်းပေးသည်။

"ကဲ.....လိုက်ပို့တဲ့ လူတွေနဲ့ စကား ပြောအုံးဗျာ၊ အချိန်တန်ရင် ကျွန်တော်ပြောမယ်"

ကျွန်တော်တို့ ခေါင်းညိတ်ပြ၏ ။

အမေတို့ ယုငယ်တို့ ထိုင်နေသော နေရာသို့ ပြန်လာရင်းနှင့် ကျွန်တော်က စောစောက ကျွန်တော့်အား ပေးလိုက်သော

သက်မှတ်စာအုပ်ငယ်လေးကို ငုံ့ကြည့်လိုက်သည်။

ခရီးသည် လက်မှတ်၊ အထုပ်အပိုး အမှတ်အသား ဆိုသည့် အင်္ဂလိပ် စာတန်းဘေး၌ ၂၁၇၊ ၄၂၀၁၊ ၂၉၇၊ ၇၀၀ ဟုအင်္ဂလိပ်လို ရေးထားသော ဂဏန်းများ တွေ့ရသည်။ သူနှင့် တစ်ကြောင်းကျော်အောက်၌ ကား တီ အိပ်ချ် အေ-အိုင်-သိုင်း ဟု ရေးထားသော ခရမ်းနုရောင် စာလုံးနှင့် ရွှေရောင် ခရမ်းနုရောင် အနီရောင်တို့ဖြင့် ပုံနှိပ်ထားသော ထိုင်းလေကြောင်း ကုမ္ပဏီ စာတန်းကို တွေ့ရသည်။

ရင်ထဲမှာ မဖော်ပြတတ်သော ဝေဒနာ နှင့် အတူ တစ်လှပ်လှပ် ခုန်သွားသည်။

ဘာလိုလိုနဲ့ တကယ်သွားရတော့ မှာပါလား.....။

***

## ၂

"ဘယ်လိုလဲ ရဲမြတ်ထူး အဆင်ပြေလား"

ဝင်းဇော်ဦး၏ အမေးကို ခေါင်းညိတ် ပြန်ကြားလိုက်သည်။ မျက်ရည်စများကို သိမ်းဖယ် ထားလိုက်ဟန် တူသော အမေ နှင့် ယုငယ်မျက်နှာကို သတိပြုမိ၏ ။

"အခု ဘာလုပ်ရမလဲ"

ဝင်းဇော်ဦးကို ခေါင်းခါပြသည်။ ဝင်းဇော်ဦး နှင့် ယုငယ်တို့ ကြားတွင် ဝင်ထိုင်သည်။ မျက်လုံးသည် ကျွန်တော်တို့ ရှေ့မှ နေ၍ ပိုသည်ပတ်သည်နေ၍ အဝတ်စားများဖြင့် ဖြတ်သွားသော နိုင်ငံခြား ခရီးသည်များထံ ရောက်သည်။

"အခုတော့ ဒီနေရာ ကစောင့် နေရုံပဲ တော်ကြာ လာခေါ်မယ် ပြောတယ်"

"အစစ်ဆေးခံ ဖို့ ရှိဦးမှာ ပေါ့"

ကျွန်တော် နှင့် နှစ်ယောက်ကျော်မှ ဖေက ဝင်ပြောသည်။`

"ဟုတ်တယ် အဖေ အစစ်ဆေးခံပြီးရင် အပြင်ပြန်ထွက် လို့ မရတော့ဘူး"

အဖေ့ဘက် ခေါင်းငဲ့ ဖြေရင်း နှင့် ယုငယ် မျက်နှာကို ကြည့်သည်။ ယခုထိ စကားတစ်ခွန်းမှ ဝင်မပြောသေးသော်လည်း၊ ယုငယ်၏ မျက်လုံးများတွင် စကားများစွာ တွေ့သည်။

"ကိုလေး....စာရေးလိုက်မယ်နော် ယုငယ်၊ ကိုယ့်ဆီကိုလဲ စာမှန်မှန်ရေး"

ယုငယ်ခေါင်း ညိတ်သည်။ ငုံ့သွားသော မျက်နှာပေါ်မှ

လှုပ်ခတ်သွားသော် မျက်တောင်များသည် သိသာစွာ သွက်သွား၏ ။

“ဟော့ကောင် ဟိုကျရင် စွတ်ပွေ မနေ နဲ့ဦးနော်”

အလိုက်ကမ်းဆိုး မသိသော ဝင်းဇော်ဦးက ရယ်သံဖြင့် ပြောသည်။ ယုငယ် ကျွန်တော့် မျက်နှာကို စူးစမ်းသည်။

“ဟာ…ငါ ဒီလိုကောင်မျိုး မဟုတ်ပါဘူးကွာ”

“ပြောတာပဲလေ၊ ငါမှာတာက တစ်ခြား မဟုတ်ပါဘူး၊ ပြန်လာရင် ပူညံပူညံ အသံကြား ရမှာစိုးလို့……”

“နေစမ်းပါ ဝင်းဇော်ဦးရာ နဂိုကမှ အမေတို့ကရော စိတ်မချ ရတဲ့ကြားထဲ မင်းလုပ်တာ နဲ့ ပိုစိုးနေပါဦးမယ်”

ဝင်းဇော်ဦး စကားများ ရပ်သွား စေလိုသဖြင့် ခပ်ပိတ်ပိတ်လေသံ တမင်လုပ်၍ ပြောသည်။ ဧည့်ခန်း ဆောင်ထဲကိုလည်း မျက်လုံးဝေ့ကြည့်၏ ။ မိဘများ နှင့် ထားခဲ့ရမည့် ကလေး သုံးယောက်ကို တတွတ်တွတ် မှာနေသော ကိုအောင်ကြည်ကို လှမ်းမြင်ရသည်။ သမီးငယ် နှစ်ယောက်က သူ့ရှေ့တွင် ရပ်နေ၍ သားငယ်က သူ့ပေါင်ပေါ်မှာ…။

လေဆိပ်ခန်းမဆောင်ထဲတွင် ကျွန်တော်တို့ အုပ်စုမှ အပ တစ်ခန်းလုံးလိုလို ရယ်သံ၊ နောက်သံ၊ စကားပြောသံများဖြင့် စူညံနေသည်။ ကျွန်တော်တို့သာ ငြိမ်ချက်သားကောင်းနေ၏ ။

“ကိုလေး….”

ထိုင်ခုံများ ရှိရာ ပြန်ရောက်ပြီးမှ ယုငယ် အသံကို ပထမဆုံး ကြားရသည်။

“ဘာလဲ ယုငယ်”

ပြန်အထူးနှင့် အတူ အကြည့်ကို သူ့ထံရွှေ့သည်။ ကျွန်တော်

အံ့အားသင့်သွား၏ ။ ဘယ် အချိန်က ဖွင့်လိုက်မှန်းမသိသော သူ့ဆလင်းဘက် ထဲမှ စာအိတ် အညိုလေး တစ်ခုသည် သူ့လက်ထဲ ရောက်နေသည်။ ဆလင်းဘက်ပင် ပြန်မပိတ်ရသေး။

"ကိုလေးကို ပြောချင်တဲ့ စကားတွေ ယုငယ် အိမ်ထဲက ရေးလာခဲ့တာ၊ လေယာဉ်ပျံပေါ်ကျမှ ဖတ်နော်......"

စိတ်ထဲတွင် တစ်မျိုးလေး ဖြစ်သွားသည်။ ဘယ်လိုတစ်မျိုးလည်း ဆိုသည်တော့ ပြောမပြတတ်။ သို့သော် စာအိတ်အညိုလေးမှ ထုံးဆံ မပျက် သင်းပျံ့မြဲ သင်းပျံ့နေသော ရေမွှေး နံ့ ကလေးကြောင့် ရင်ထဲမှာ အေးမြသည်။

သွားရမည့် ခရီးကို သွားရန် ဝန်လေးသွား၏ ။

***

ဝါးကနဲ ရယ်မောလိုက်သော တစ်ဘက်ထိုင်ခုံ ရှိ လူစု၏ အသံကြားမှ ကျွန်တော်တို့ အားလုံး အချိန်တော်တော်ကြာ စကားတစ်ခွန်းမှ မဆိုဖြစ်ကြခြင်းကို သတိထားမိသည်။

"ဟိုအုပ်စုကတော့ ရေရေလည်လည် ပျော်နေကြတယ်ကွ"

ဝင်းဇော်ဦး၏ ဝါကျတွင် တစ်ပိုင်းပျောက်နေသလို အောက်မေ့သည်။ တို့အုပ်စုကတော့ အကုန်ဆွေးနေကြတာဘဲဟု နားလည်မိသည်။ ကျွန်တော့် ကိုယ် ကျွန်တော် ဆန်းစစ်ကြည့်သည်။

ယခု ခရီးသည်အမှန်တော့ အတော်ပျော်နေရမည့် ခရီးဖြစ်၏ ။ ဒီနေ့ မတိုင်မီ ရက်ပေါင်း များစွာကပင် ဒီနေ့ကို ကြို၍ ပျော်နေခဲ့သည်မှာလည်း အမှန်......။ ဤခရီးသွားခွင့် ရပြီဆိုသည်ကို သိသောနေ့ကဆို....ကျွန်တော်တို့ တစ်အိမ်သားလုံး ထီပေါက်သလို ဝမ်းသာနေခဲ့သည်။

ယုငယ်သည်ပင်လျှင် သူ့ဝမ်းသာမှုကို သူမထိန်းနိုင်။

"ဟာ.....ပွတာပဲ"

ကျွန်တော့်ဆီက စကားကိုကြားလျှင် ကြားချင်း ဝမ်းသာစကား နှင့် အတူ ဆွေ့ဆွေ့ခုန်နေခဲ့သည်။

"ဒါဆို အနည်းဆုံး ကား တစ်စီးတော့ ဝယ်လို့ ရမှာပေါ့"

"သိပ်ရတာ ပေါ့" ဟုကျွန်တော်က ဖြေသောအခါ သူ့မျက်နှာ ဝင်းကနဲလက်သည်။

တစ်ခေါက်လျှင် တစ်နှစ်ကျော်ကျော်ပဲ ကြာမည်ဟု ကျွန်တော် ပြောပြသဖြင့်.....'ဟာ.....ကိုလေးကလဲ တစ်နှစ်ဆိုတာ ဘာကြာတာလဲလို့ ဒီလိုပဲ ဖင်လှည့် ခေါင်းလှည့် နဲ့ ကုန်သွားတာ၊ ပြန်လာရင် ဘယ်လောက်ဟန်ကြလဲ' ဟု ဆိုခဲ့သည်။

ကျွန်တော်ကိုယ်တိုင်းလည်း လွန်ခဲ့သည့် သုံးလေးလ ကတည်းက အတွေးနှင့် အိမ်မက်နှင့် ကြို၍ ပျော်နေ့ခဲ့သည့် ကိစ္စ.....။ အကြောင်းကြားစာ ရပြီးသည့် နောက်တွင်လည်း ရာပေါင်းများစွာသော ငွေကြေးပမာဏ အပုံလိုက် ရှေ့ရောက်လာခဲ့သကဲ့သို့ ကျေနပ် အားရနေသော ကိစ္စ....။

ဒါဖြင့်....အခုဘာဖြစ်နေတာလဲဟု ကိုယ့်ကိုယ်ကို မေးသည်။ အခုမပျော်လို့ လားဆိုတော့....သည်လိုလည်း မဟုတ်၊ ဒါဖြင့် ပျော်လားဆိုတော့လည်း....သည်လို မဟုတ်ပြန်..........။

ရင်ထဲမှာ ကျေနပ်ပျော်ရွှင်ခြင်းနှင့် အားငယ်အထီးကျန်နေခြင်းတို့ တစ်ပြိုင်တည်း ခံစားနေရသည်။

ယုငယ် နှင့် အကြာကြီး ခွဲနေရမှာ အတွက် ဝန်လေးနေခြင်းလား၊ အမေ အဖေ မိဘများနှင့် ဝေးကွာရမည့် အတွက် အားငယ်နေခြင်းလား။ မိမိရပ်ရွာ၊ မိမိ

မြို့နယ်၊ မိမိတိုင်း ပြည်နှင့် မိမိ သူငယ်ချင်း၊ မိမိလူမျိုးများနှင့် ရေခြားမြေခြား သွားရောက် နေထိုင်လုပ်ကိုင်ရမည့် ကိစ္စ အတွက်စိုးရိမ်နေခြင်းလား......။

ဒါမှ မဟုတ်....ဘာဖြစ်မည်၊ ဘယ်လိုဖြစ်မည် ဆိုသည်ကို ဘယ်လိုမှ မမှန်းဆနိုင်သေးသည့် ခရီးစိမ်း အတွက် စိုးရွံ့ ပူပန်နေခြင်းလား။

ဝေ တော့ကောင်းစွာ ဝေခွဲလို့မရ။

ဒါမှ မဟုတ်....ဝမ်းသာလုံးပဲဆို့ နေတာလားလည်း မသိ..........။

အတွေး နှင့် အတူ ယုငယ်၏ လက်ကလေးကို ဖွဖွဆုပ်ကိုင်မိသည်။ ယုငယ်၏ လက်ကလေးသည်ပင် အေးစက်သလို.....နွေးထွေးသလို ဖြစ်နေ၏ ။

ယုငယ် လည်း ကျွန်တော့်လို ဖြစ်နေမှာ သေချာသည်။ အမေနှင့် အဖေသည် တုတ်တုတ်မျှလည်း မလှုပ်တော့။ စကားလည်း လုံးဝမပြောတော့။

ကျွန်တော်တို့ လေးယောက်မှာ တစ်ပုံစံတည်း ခံစားနေရ၍ နှုတ်ကို ပိတ်ထားသမျှ စိတ်ဖြင့် စကားများစွာ ပြောဆို နေကြ၏ ။

ဝင်းဇော်ဦး တစ်ယောက်သာ ကိုးလို့ကန့်လန့် ဖြစ်နေသည်။

သူနောက်ချင်နေသည်။ သူပြောချင်နေသည်။ သူဟားနေချင်သည်။ သို့သော် သူလိုချင်သည့် ပုံစံသို့ သူဘယ်လိုမှ ဝင်၍ မရ။

သံယောဇဉ် အမျိုးအစား နှင့် လိုက်၍ ခံစားမှု ကွဲပြားတဲ့သည်ကို သူနားလည် နိုင်ပါလိမ့်မည်။

***

ညှော့ခန်း ကြမ်းပြင်တွင် ဒူးတုပ်ထိုင်၍ အဖေနှင့် အမေ့ကို ကန်တော့သည်။ အဖေ နှင့် အမေ့ထံမှ ဆုပေးစကားသံ တစ်မျိုးစီပေါ်ထွက်လာ၏ ။

ယုငယ် မျက်ရည်ပြည့်နေသော အကြည့် ဖြင့် လှမ်းကြည့်သည်။

ကျွန်တော်သူတို့ အားလုံးကို နှုတ်ဆက်သည်။

အားလုံးက ကျွန်တော့ကို အားယူ၍ ပြုံးပြသည်။

ကျွန်တော်.........ပြန်ပြုံးပြသည်။

ယုငယ်၏ လက်ကလေးကို အားရပါးရ ဆုပ်ကိုင်လိုက်၏ ။

ကျွန်တော့ လက်ပေါ်သို့ ယုငယ်၏ မျက်ရည် နွေးနွေးလေး တစ်စက်ပြုတ်ကျသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန် ဌာန၏ စစ်ဆေးခန်းဘက်သို့ ကျွန်တော်ထွက်လာသော အခါ..... ကျွန်တော့ အနောက် မှ ရှိုက်သံ သဲ့သဲ့ ထွက်ပေါ်လာ၏ ။

အမေ့ ရှိုက်သံဟု ကျွန်တော် ထင်ပါသည်။

***

# ၃

“ခရီးစဉ် အမှတ် တီဂျီသုံးသုညနှစ်၊ ရန်ကုန်-ဗန်ကောက် ခရီးစဉ်သို့ လိုက်ပါမည့် ခရီးသည်များ လေယာဉ်ပေါ်သို့ သွားရောက်နိုင်ပါပြီ”

အထက်ပါ အဓိပ္ပာယ်သို့ သက်ရောက်စေသော ကြေငြာချက်ကို အင်္ဂလိပ်-မြန်မာ နှစ်ဘာဖြင့် တစ်လှည့်စီ ကြေငြာသည်။

စစ်ဆေးခန်းမှ လွန်၍ ပြည်ပသွား ခရီးသည်များ အတွက် သီးသန့်ဖွယ်ထားသော အရောင်းဆိုင်ရှိရာ ဧည့်ခန်းကုလားထိုင်မှ ကျွန်တော် မတ်တတ်ထရပ်သည်။

“လာဟေ့.....ကောင်လေး....သွားစို့”

ကျွန်တော့်လိုပင် ပခုံးလွယ် သားရေအိတ် တဘက်တစ်လုံး လွယ်ထားသော ကိုအောင်ကြည်က ကျွန်တော့်ကို ပြုံးကြည့်ယင်း ပြောသည်။

အတွင်းဧည့်ခန်း ကုလားထိုင်တွင် တစ်နာရီနီးပါး ဘာစကားမျှ မပြောဘဲ ကျန်ရစ်သူများထံ တွယ်ငြိနေသည့် သံယောဇဉ် ပင့်ကူမျှင်များကို ရအောင်ဖြတ်တောက်ခဲ့ပြီး ဖြစ်သဖြင့် ကျွန်တော့် လှုပ်ရှားမှုလည်း သွက်လက်လာသည်။

ဧည့်ခန်းမှထွက်လိုက်သောအခါ ကွင်းလယ်တွင် ရပ်ထားသော လေယာဉ်ပျံကြီးနှင့် ပြန့်ပြူးသော ကွင်း ပြင်ကြီး မြင်ကွင်းကြောင့် ရင်ထဲမှာ လှုပ်ကနဲ ခုန်သည်။

“တို့နိုင်ငံရဲ့ မြေကြီးကို ဂိုက်ငါးဆယ်လောက် အတွင်းမှာဝအောင် နင်းထားပေတော့ ကောင်လေး၊ ဒီမြေကြီးနဲ့တို့ အကြာကြီး ဝေးရအုံးမှာ.....”

ကိုအောင်ကြည့် စကားသံသည် ကျွန်တော့်အသက်

နှစ်ဆယ့်ငါးနှစ်လုံးလုံး တစ်ခါမျှမပေါ်ပေါက်ဖူးသည့် ကိုယ့်နိုင်ငံ၊ ကိုယ့် မြေကြီး၊ သည် အရပ်၊ သည်မြေကြီးသည်သာ ကိုယ့်လုံခြုံ ချမ်းအေးမှုကို ပေးနိုင်သော နေရာဆိုသည့် အသိ ဝင်လာသည်။

ထိုအသိ ဝင်လာသော အခါ ကျွန်တော်သည် ထိုမြေကြီးပေါ်တွင် ဖြတ်သန်းလျှောက်ခွင့် ရရန် နောက်ထပ် ဂိုက်ငါးဆယ်မျှသာ ကျန်တော့သည်။ ထို့နောက် သူများမြေ၊ သူများရပ် သူများနိုင်ငံတွင် ရက်ပေါင်းများစွာ လပေါင်းများစွာ ယခုလို လုံခြုံပြည့်ဝစွာ နေခွင့်ရတော့မည်မဟုတ်။

မျက်လုံးထဲတွင် အမေ့အိမ်မှ ကျွန်တော့် အခန်းလေး မြင်သည်။

ပြီးတော့ အမေ့ဘုရားစင်။

ရင်ထဲမှာ ဘယ်လိုဖြတ်သွားမှန်းမသိ။ ရောက်နေသည့် နေရာမှနေ၍ ကျွန်တော့် အခန်းလေးထံ အရောက် ပြန်ပြေးချင်စိတ် ပေါ်လာသည်။

“လာပါဟ.....ခပ်သွက်သွက်လျှောက်ပါ၊ ဟိုပေါ်လဲ လှမ်းနှုတ်ဆက်အုံး”

ကျွန်တော်တစ်ယောက် အိမ်မက်ထဲရောက်နေသလို ဖြစ်နေသည်။ တစ်ကိုယ်လုံး လေထဲလွင့်နေ၏ ။ စိတ်သည် ကိုယ်နှင့် ကပ်လိုက်ခွာလိုက်။

ကိုအောင်ကြည့် စကားကြားမှ ကပျာကယာလှည့်၍ လေဆိပ် အဆောက်အအုံဘက် ကြည့်သည်။ လေဆိပ်အဆောက်အအုံအပေါ်ထပ်မှ လက်များဝှေ့ယမ်းနေသော လူအုပ်ကို မြင်ရသည်။ အဖေ၊ အမေနှင့် ယုငယ်၊ ဝင်းဇော်ဦးတို့ကို မှုန်ဝါးဝါး မြင်သည်။

ညာဘက်လက်ကို ကမန်းကတန်း မြှောက်၍ ဝှေ့ယမ်းလိုက်၏ ။ ယုငယ်၏ ဝှေ့ယမ်းနေသော လက်ကိုင်ပဝါလေးကို ဖြတ်ကနဲ မြင်ရပြီး မြင်ကွင်း ပြန်ဝါးသွားသည်။

ကိုယ်နှင့် သတိပြန်ကပ်သော အခါ ကျွန်တော်သည် ထိုင်းလေကြောင်း

ကုမ္ပဏီတံဆိပ်ပါ ဒီစီရှစ် ဂျက်လေယာဉ်ကြီး၏ လေ့ကားရင်းသို့ ရောက်နေပေပြီ။

အမိမြေမှ....လေအေးအေးကို တဝကြီး ရှိုက်သွင်းလိုက်မိ၏ ။

***

မြေပြင်လှေကားရင်းမှ ခရမ်းနုရောင်စကပ်၊ ခရမ်းနုနှင့် အဝါရောင်များဖြင့် ပန်းပွင့်ကြီးများ ဖော်ထားသော အင်္ကျီလက်ရှည် လက်စည်းဝတ်ထားသည့် ထိုင်းလေယာဉ် ကုမ္ပဏီမှ မြေပြင်အမှုထမ်း မြန်မာအမျိုးသမီး၏ ရှေ့မှ ဖြတ်၍ လှေကားပေါ် စတက်သည်။

လှေကား ထိပ်တွင် ထိုင်းလေယာဉ်မယ်လေးက ကြိုနေသည်။ တိုင်းမ် နယူးဝိခိစ်စသော မဂ္ဂဇင်းများထဲမှ ထိုင်းလေကြောင်း ကုမ္ပဏီ ကြော်ငြာတွင်ပါသော လေယာဉ်မယ်တို့၏ ။ အဝတ်အစားများ အတိုင်းပင်......။

“ဆာဝါဒီဆိုတာ....မင်္ဂလာပါ၊ ကြိုဆိုပါတယ်၊ ကောင်းသော အချိန်ပါဆိုတဲ့ အဓိပ္ပာယ်မျိုးရှိတဲ့ ထိုင်း နှုတ်ဆက် စကားကွ”

ထိုင်းလေယာဉ်မယ်လေးကို လွန်သည်နှင့် ကိုအောင်ကြည်က ကျွန်တော့် နားကပ်၍ ခပ်တိုးတိုးပြောသည်။ ဆာဝါဒီဟု ကျွန်တော်တော် ရွတ်ဆိုကြည့်မိသည်။

လေယာဉ်၏ အတွင်းဘက်တွင် လေယာဉ်မယ် တစ်ယောက်က ကြိုဆို၍ ထိုင်ခုံနံပါတ်အတိုင်း နေရာချပေးသည်။

အလယ်တွင်လေးခုံ၊ ဘေးတစ်ဘက်တစ်ချက်တွင် လမ်းခြား၍ နှစ်ခုံစီတန်းထားသော ထိုင်ခုံအခင်းအကျင်းတွင် ကျွန်တော်က ပြတင်းနှင့်ကပ်လျက် ဘေးဘက်တန်း၌ ကျသည်။ ကျွန်တော့်ဘေးမှာ ကိုအောင်ကြည်။

ကျွန်တော်က အပြင်ဘက်သို့ မြင်ရသော မှန်ဝိုင်း ပြတင်းမှ အပြင်သို့

လှမ်းကြည့်လိုက်၏ ။

လေဆပ်အပေါ်ထပ်မှ လက်ပြနှုတ်ဆက် နေသူများကို လူလုံး မကွဲတော့။

သို့သော်…မရန်းနုရောင်လေး တစ်ခုကတော့ ဘယ်လိုမှ မကွဲပြားစရာမရှိ။

“သွားမယ်….ယုငယ်ရေ……”

စိတ်ထဲတွင် ခပ်တိုးတိုးလေး ပြောလိုက်သည်။

ရင်ထဲတွင် ဆွေးဆွေးမြည့်မြည့်လေး ခံစားမှုတစ်ခု ပေါ်လာ၏ ။

ယုငယ်ကို လွမ်းသည်။

အချိန်သည် ညနေ ငါးနာရီတိတိ။

***

မနေ့ နေ့လယ်က အဖြစ်အပျက်လေးသည် ရုတ်တရက်….ကျွန်တော့်ဆီ အပြေးအလွှား ရောက်လာ၏ ။

ကားဖြူလေးတစ်စီး မောင်းလာသည်ကို ရိပ်ကနဲ မြင်လိုက်ရသည်။

အနားရှိ ကုက္ကိုပင်ကြီး အကွယ်သို့ ကျွန်တော် ကပျာကယာကပ်လိုက်၏ ။ အမြင့်လမ်းပေါ်မှ ကွေ့ဆင်းလာမည်ဖြစ်သော ကားကလေး၏ လှုပ်ရှားမှုကို မမြင်နိုင်တော့ သော်လည်း မကြာခင် ကျွန်တော့် အနီးမှ ဖြတ်ကျော်သွားတော့မည့် အချိန်ကို စိတ်ဖြင့် တွက်ဆကြည့် နေမိသည်။

ယုငယ်လာပြီဟု သိပြီဖြစ်သော်လည်း ယုငယ်အပြင် တခြား ဘယ်သူများ ပါလာဦးမလဲ ဟူသော စိုးရိမ်စိတ်ဖြင့် ရင်သည်ကောင်းစွာမငြိမ်။

မှတ်မိနေသော စက်သံဖြင့် ကားကလေးသည် ကုက္ကိုပင် ရှေ့မှ ဖြတ်သည်။ ကွယ်လျောက်နှင့်ပင် ကားကို လှမ်းကြည့်လိုက်၏ ။

"ဟူး"

သက်ပြင်းလေပူနှင့် အတူရင်ထဲက အပူများတိုးထွက်သွားသည်။

"တော်ပါသေးရဲ့....ဘယ်သူမှ ပါမလာလို့...."

ကားဖြူလေးသည် လူငယ်သက်သာဆိုင်နှင့် မလှမ်းမကမ်းတွင် ရပ်သည်။ တံခါးပွင့်လာ၏ ။ ကားတံခါးမှ ငုံ့ထွက်လိုက်သော ယုငယ်ကို မြင်သည်။ ကားပေါ်က ဆင်းပြီးသော်လည်း ယုငယ် တံခါးကို ပြန်မပိတ်၊ မြန်တော်လည်း မပျာယာသော အရှာကြည့်ဖြင့် ယုငယ် ဟိုသည်လှည့်သည်။

ကျွန်တော် သစ်ပင်ကွယ်မှ ပလက်ဖောင်းပေါ်ထွက်ရပ်သည်။

"လာ......"

အသံမကြားရသော်လည်း နှုတ်ခမ်း၏ လှုပ်ရှားမှု၊ လက်၏ လှုပ်ရှားမှုဖြင့် ယုငယ် ဘာပြောသည်ကိုသိသည်။ ကျွန်တော်ခပ်သွက်သွက် လှမ်းလိုက်၏ ။

"ကိုလေးကလဲ.....ဘာလုပ်နေတာလဲ....ယုငယ်က ရှာလိုက်ရတာ "

"ဩော်....ယုငယ်ကလဲ.......ကားပေါ်မှာ ဘယ်သူပါမှန်းမှ မသိတော့....အခြေအနေ ကြည့်ရသေးတာပေါ့......."

"လုပ်မနေနဲ့....ဘယ်သူမှမပါဘူး......ကဲ.....ကားပေါ်တက်"

ယုငယ်က ကားတံခါးကို အသာဟ၍ နောက်နည်းနည်း ဆိုတ်ကာ ကားအတွင်း မေးဆက်ပြသည်။

ကျွန်တော် အံ့အားသင့်သွားသည်။ သူ့ကို ဖြတ်ကနဲကြည့်၍

"ဘယ်သွားမလို့လဲ.....ယုငယ်"

အမှန်က သူနှင့်ကျွန်တော် ချိန်းဆိုထားခြင်းသည် မနက်ဖြန် ခရီးထွက်ရမှာမို့......ကျောင်းထဲ၌ ခဏတွေ့ပြီး နှုတ်ဆက်ကြရုံသာ၊ ပြီးတော့ မနက်ဖြန် သူလိုက်ပို့ရန် အစီအစဉ် ပြုလုပ်ရန်သာ......။

"မေးမနေနဲ့ ကိုလေး....ကားပေါ်တက်စမ်းပါ....တော်ကြာတွေ့တဲ့သူက တွေ့သွားပြီး အိမ်သွားပြောမှ ဟုတ်ပေ့ဖြစ်နေမယ်"

သူပြောတာလည်း ဟုတ်သည်။

ကျွန်တော်တို့ ဘဝက ထင်သာမြင်သာနေရဲသော အခြေအနေမဟုတ်။

ကျွန်တော် ကားပေါ် ခပ်သွက်သွက်တက်သည်။ နောက်ဘက်ကို လှည့်ကြည့်သော ကားဆရာ ကိုမောင်ကြီးကို ပြုံးပြလိုက်၏ ။ ကိုမောင်ကြီးက.....

"မနက်ဖြန်......သွားတော့မယ်ပေါ့....."

"အေးဗျာ....တစ်နှစ်ယောက်တော့ ကိုမောင်ကြီး မျက်စိနောက် သက်သာသွားတာပေါ့"

"အင်း...ပြန်လာယင်လဲ ကျွန်တော်ကားမောင်းပို့ဖို့ သက်သာသွားတာပေါ့"

"မထင်နဲ့ဗျ....ကျွန်တော်က ကားမမောင်းတတ်သေးဘူး"

"ရပါတယ်- မယု သင်ပေးပါလိမ့်မယ်...ဟုတ်လား မယု"

ကိုမောင်ကြီးက ယုငယ်ဘက်လှမ်းစသည်။ ယုငယ်ကခပ်ပြုံးပြုံးလုပ်၍ .......

"ကားပဲ ပါပါစေအုံး ကိုမောင်ကြီးရယ်.....တော်ကြာ ကား မပါလာပဲ မိန်းမယူပြန်လာ ဘယ်နှယ့် လုပ်မလဲ"

"ဟားဟား.........ပူတဲ့သူကတော့ ခုထဲက ပူနေပြီနော်....."

ပြောယင်းနှင့် ကားလေးကို ဘီးလိမ့်ထွက်သည်။ ကျွန်တော် ရယ်သည်။ ယုငယ်မျက်စောင်း ကျွန်တော့် ဆီရောက်လာသည်။

"ရယ်မနေနဲ့နော....ကိုလေး....၊ ယုငယ် ခုတည်းကပြောထားမယ်...... သွားတုန်းကတော့ ယုငယ်အတွက်....ယုငယ်အတွက်နဲ့ ဟိုကျမှမဟုတ် တရုတ်လုပ်ယင်တော့ လုငယ်ကို အဆိုးမဆိုနဲ့......နှစ်ယောက်စလုံးကို ဓားနဲ့လိုက်ခုတ်မှာ"

"ဟားဟား.....ကြောက်စရာပါလား ကိုမောင်ကြီးရေ......"

မောင်ကြီးက ကားစတီယာရင်ကို ထိန်းယင်း ရယ်သည်။

"အမယ်....မယုံလို့လား....တကယ်လုပ်မှာ....."

ကျွန်တော် ယုငယ်ကို လှည့်ကြည့်သည်၊ ယုငယ်၏ ဟန်ဒေါသသည် ချစ်ဖွယ်ကောင်း၏ ။

"သတ်ချင်ယင် ကိုယ့်ပဲသတ်ပါ ယုငယ်ရယ်....ဟိုတစ်ယောက်ကိုတော့ မလုပ်ပါနဲ့...ခင်ဗျားမှာ အသားကနုနုလေး နာသွားပ့ါမယ့်"

"ဘာ....ဘာပြောတယ်"

ယုငယ် အမူအရာ ပြူးပြူးပျာပျာဖြစ်သည်။ ကျွန်တော့် ပခုံးကိုလည်း ဆတ်ကနဲ ဆွဲလှည့်၍ .........

"ကိုလေးက သူ့ ကောင်မထိတော့ နာတယ်ပေ့ါ....သတ်မယ် သတ်မယ် .......ခုပဲသတ်မယ်"

"အား"

ရုတ်တရက်၊ ပြောယင်း ဆိုယင်း ကျွန်တော့် ဗိုက်သားဆီသို့

လက်ရောက်လာ၍ တအားဆွဲလိမ် ဆိတ်လိုက်သဖြင့် ကျွန်တော်ယောင်ယမ်း ထအော်မိသည်။

“ဟင်......
မှတ်ပလား.....နောက်တစ်ခါပြောအုံး........နောက်တစ်ခါပြောအုံး”

ပြောလည်းပြော လိမ်လည်းလိမ်၊ ဆိတ်လည်းဆိတ် လုပ်သဖြင့် ကျွန်တော့် မျက်နှာ တကယ်ရှုံ့မဲ့သွားသည်။ ဗိုက်သားတွေတော့ ပေါက်ပြဲကုန်ပြီထင်၏ ။

“အား...ကျွတ်....ကျွတ်....နောက်တာပါ......ယုငယ်ရာ၊ ကိုလေးက ဘယ်သူ့ကို ယူရမှာလဲ.....၊ ယုငယ်ကလွဲလို့ ဘယ်သူ့မှ စိတ်ဝင်စားတာ မဟုတ်ဘူး”

“စိတ်မဝင်စားယင် ဟိုတစ်ယောက်ဆိုတာ ဘယ်သူလဲ”

ကျွန်တော်နာယင်းနှင့် ရယ်သည်။ ကားရှေ့ခန်း မေးဖြင့်ပြ၍

“ကိုမောင်ကြီးလေ.....နှစ်ယောက်စလုံးဆိုတာ ကိုယ်နဲ့ ကိုမောင်ကြီးကို ပြောတာ မဟုတ်ဘူးလား”

“ဘာအခုမှ ကိုမောင်ကြီးလဲ....ဟင်းနော် ကိုလေး ကောင်းကောင်း သတိထား”

နောက်ဆုံးတစ်ချက် ခပ်နာနာဖိဆိတ်ပြီးမှ ယုငယ်ကျွန်တော့်အသားကို လွှတ်သည်။ ကျွန်တော် ဗိုက်ကို ခပ်ဖိဖိ ပွတ်နေရ၏ ။

“အင်း...ဒါမျိုးလေးတွေ မမြင်ရ မကြားရတော့လဲ ပျင်းစရာ.....လွမ်းစရာတော့ ဖြစ်နေဦးမှာပဲ ကိုရဲရေ......”

လူကလည်း လူငယ်....ဘဝကလည်း ကျွန်တော်နှင့် မတိမ်းမယိမ်း၊ ကားဒရိုင်ဘာ လုပ်နေရသူမို့ ကျွန်တော်တို့ နှစ်ယောက်ကို ကိုယ်ချင်းစာနာစွာ ကူညီ ဖုံးဖိမငြိုမငြင် အကျိုးဆောင်ပေးနေသည့် ကိုမောင်ကြီး က ကားရှေ့ခန်းမှနေ၍

ခပ်လေးလေး လေသံဖြင့် ပြောသည်။

ကျွန်တော်တို့ နှစ်ယောက် တွေကနဲ ဖြစ်သွား၏ ။

ခုနက အပျော်လေးများ တန့်သွားသည်။

***

မင်းကိုငါတို့ ဘယ်တော့မှ မမေ့ပါဘူး....ဟု ရင်နေရာတွင် စာတန်းထိုးတားသော တီရှပ် အင်္ကျီလေးကို ကျွန်တော့် လက်ထဲထည့်သည်။

"ဟာ....တော်ပြီလေ ယုငယ်ရာ ဝတ်ထားတာတွေ နည်းမှ မနည်းတော့ပဲ"

ယုငယ်မကြည်.....၊ ကျွန်တော့်ကို မျက်စောင်းနှင့်ကြည့်၍ .......

"ကိုလေးက စကားတယ်များတာပဲ......ယုငယ်က ယူဆိုရင် ယူစမ်းပါ"

"မဟုတ်ဘူး ယုငယ်....သိပ်များနေပြီ"

ကျွန်တော်က လက်ထဲတွင် ပိုက်ထားသော ပလတ်စတစ်အိတ်များကိုပြသည်။ လက်ထဲမှ ပစ္စည်းများက တန်ဖိုးမနည်းတော့၊ ဂျင်းတစ်စုံကပင် ငါးရာကျော်၊ ပြီးတော့ ဒါမျိုးက ဘော်သား မရှိမဖြစ်ဆိုပြီး ဝယ်ထားသည့် တီရှပ်အင်္ကျီ၊ ခုတစ်ထည်နှင့် လျှင် သုံးထည်၊ ပြီးတော့....တိုလီမိုလီပစ္စည်းများ.......

"များ....များ၊ ဟိုကျတော့ အလကားနေယင်း မျက်နှာငယ်မယ်"

ကျွန်တော့်ထက် တစ်နှစ်ကျော်ကျော် ငယ်သော်လည်း ယုငယ်၏ ပုံစံက တကယ့်အစ်မကြီး တစ်ယောက်ပုံ ပေါက်နေသည်။ ကျွန်တော် တားသော်လည်း မရ။ ဖွတ်အတင်း ပိုက်ဆံ ရှင်းသည်။

ကြာလျှင် ဗိုလ်ချုပ်စျေး တစ်စျေးလုံး ကျွန်တော့်ဆီ ပါလာနိုင်သဖြင့် ပိုက်ဆံပြန်အမ်းပြီးသည်နှင့် ယုငယ်လက်ကို ခပ်တင်းတင်း ဆုပ်လျက် စျေးအပြင် ပြန်ထွက်ရန်ပြင်သည်။

"ဘာလုပ်တာလဲ"

"ပြန်မယ် ယုငယ်၊ တော်ပြီ၊ ဒီပစ္စည်းတွေက ဟိုမှာဝယ်လို့ ရတယ်၊ စျေးတောင် သက်သာသေးတယ်၊ လာ...ဘာမှမဝယ်တော့ဘူး၊ တစ်နေရာရာ သွားစကားပြောမယ်"

"နေပါအုံး၊ ဘာလေးညာလေး လျှောက်ကြည့်ရအောင် ကိုလေးရာ၊ နောက်မှ လိုယင်ခက်နေမယ်"

ယုငယ်က ကျွန်တော့် လက်ထဲမှ သူ့လက်ကို အတင်းရုန်းသည်။ ကျွန်တော် လုံးဝမလွှတ်။

"ဘာမှ မလိုဘူး၊ အကုန်ရှိပြီ၊ တော်တော့ ယုငယ်၊ ဒါတွေနဲ့ အချိန်ကုန်မယ့်အစား ကိုယ်စကားပြောချင်တယ်၊ လာပါ ယုငယ်ရာ၊ လိမ္မာပါတယ်"

ကျွန်တော်က ဤနည်းဖြင့်လှည့်ပြောမှ ယုငယ်မ မကျေမနပ်နှင့် လိုက်လာသည်။

ကားပေါ်ပြန်တက်သောအခါ ကိုမောင်ကြီးက ကျွန်တော်တို့ကို ကြည့်၍ ရယ်ပြီး......

"မနည်းပါလား ပစ္စည်းတွေက"

ကိုမောင်ကြီး၏ စကားပင်မဆုံးလိုက်၊ ယုငယ်မျက်စောင်းနှင့် အတူ စူသောနှုတ်ခမ်းမှ မကျေမနပ်ရေရွတ်သည်။

"လာပြန်ပြီ တစ်ယောက်၊ ကော်တရာကပ်စေးနဲ့တွေ"

ကျွန်တော် အသံထွက်အောင် ရယ်လိုက်မိ၏ ။

သည်စကားသည် စောစောက အင်္ကျီရင်ဘတ်မှ စာတန်းထက်ပင် များစွာထိရောက်သွား၏ ။

တို့ကို စိတ်ချပါ ယုငယ်ရယ်။

***

“ယုငယ်”

“ဟင်….”

ရင်ခွင်ထဲမှ ယုငယ်က မျက်လုံးမှိတ်၍ ထူးသည်။

“ကိုယ်….ခုလို….တစ်နိုင်ငံရပ်ဝေး သွားပြီး အလုပ် လုပ် စီးပွားရှာတာ ယုငယ်အတွက်နော်”

“အင်း…..”

“ခုဆိုယင် တို့ရည်မှန်းတဲ့ ပန်းတိုင်ကိုရောက်ဖို့ ခရီးတစ်ဝက် ကျိုးပြီလို့ ပြောလိုက်တယ်၊ ဘာပဲဖြစ်ဖြစ် တစ်ခေါက်ဆို ဆိုသလောက် တို့ အခြေအနေဟာ အများကြီး တိုးတက်လာမှာပါ၊ ပန်းတိုင်ရောက်ခါနီး ကျမှ အမောဆို့ လဲသလို မလဲ ပါရစေနဲ့ ယုငယ်ရယ်၊ တို့ ယုငယ်ကို စိတ်ချနေပါရစေ”

“အင်း…..”

တအင်းအင်း လုပ်နေသော်လည်း မျက်စိမဖွင့်၊ ပြုံးလျက်ပင် ခေါင်းညိတ်သည်။

“နေတာ ထိုင်တာ သွားတာ လာတာ ကအစ ဆင်ဆင်ခြင်ခြင် နေနော်”

“အင်း……”

သူလုပ်နေပုံက ကျွန်တော့် စိတ်ကို မရိုးမရွဖြစ်အောင်လုပ်သလို ဖြစ်နေသည်။

"ယုငယ်...ချေးစားမလား"

"အင်း......"

အမှတ်တမဲ့မို့ အင်းမြဲအင်းသည်။ ပြီးမှ ပြူးပြူးပျာပျာ ထတဲ့၍ ......

"ဘာ....ဘာ ကိုလေး ဘာပြောလိုက်တယ်"

"ယုငယ် ချေးစားမလားလို့"

"ကိုလေး....ဘာစကားပြောတာလဲ၊ ဒီက အဟုတ်မှတ်လို့ နားထောင်နေတာ"

ကျွန်တော်က သူ့ အမူအရာကို ကြည့်၍ ရယ်သည်။ သူ့မျက်နှာတွင် အကျေနပ်ဖြစ်ဟန်များ အထင်းသား ပေါ်နေ၏ ။ ကျွန်တော့် အင်္ကျီစကို ဆုပ်ကိုင်၍ .......

"ပြောလေ ကိုလေး၊ ဘာစကား ပြောတာလဲလို့"

"နို့.....ခုနကတော့ အင်းဆို"

"အို......အကောင်းပြောတာမှတ်လို့ အင်းလိုက်တာပေ့ါ၊ ဒီလို ညစ်ညစ်ပတ်ပတ်ပြောမယ်လို့ ဘယ်ထင်မလဲ"

"ဘယ်ထင်မလဲ၊ ယုငယ်က ကိုယ့်စကားမှ စိတ်မဝင်စားတာ၊ ကိုယ်က တကယ့်ကို စိတ်ပါလက်ပါ ပြောနေတာကို ယုငယ်မှ နားမထောင်ပဲ၊ ဒါကြောင့် တမင်ပြောတာ"

"ယုငယ် နားထောင်နေတာပဲဥစ္စာ"

"နားထောင်ရုံ ထောင်တာပဲ၊ လေးလေးနက်နက်မှ သဘောမထားတာ"

"ဘာလို့ မထားရမှာလဲ"

"မထားလို့ ယုငယ် အကုန်လုံး အင်းလိုက်တာပေါ့၊ ကိုယ်က အလေးအနက်ပြောတာ ယုငယ်၊ မနက်ဖြန်ဆို ကိုယ် ခရီးထွက်ရတော့မှာ"

"အင်းလေ....ယုငယ်က ဘာလုပ်မနေလို့လဲ"

"ဘာလဲ...အကုန်လုံး တအင်းအင်းလုပ်တာ"

"ဩော်.....မအင်းလို့ ယုငယ်က ဘာပြောရမလဲ၊ ဟင့်အင်း ယုငယ်ကို စိတ်မချနဲ့၊ ယုငယ်က နည်းနည်းမှ စိတ်ချရတာ မဟုတ်ဘူး၊ ကြုံရာလူနဲ့ အလေလိုက်နေမှလို့ ပြောရမှာလား"

နှုတ်ခမ်းတလန် ပန်းတလန်နှင့် အငေါ်တူးစကားကြောင့် ကျွန်တော်ပြုံးမိသည်။ ယုငယ်စုတ် ဒါမျိုးတော့ သိပ်တတ်တယ်......။

"မဟုတ်ဘူးလေ ကိုယ်က ယုငယ်ကိုမှ တကယ်စိတ်မချတာ"

"စိတ်မချရအောင် ယုငယ်က ဘာလုပ်မှာမို့လဲ"

"သိနိုင်မလား ယုငယ်ရယ်၊ ယုငယ်ကို ခွဲသွားရမှာက တစ်ရက်လဲ မဟုတ်ဘူး၊ တစ်လလဲမဟုတ်ဘူး၊ တစ်နှစ်တောင်၊ ပြန်လာလို့ ဒီမှာ ကိုးရိုးကားရားဖြစ်နေယင် ဒီကကောင် ရင်ကျိုးရော...."

"အမယ် သူကပဲပြောရသေးတယ်၊ ကျွန်မကဒီမှာ မိနဲ့ ဘနဲ့ နေရတာ ကိုယ်တော်ရဲ့၊ တော့်လို တစ်ရပ်တစ်ကျေးမှာ ဘာမ ညာမတွေနဲ့ လျှောက်ပွေနေမှာ မဟုတ်ဘူး"

"ကိုယ် ဘယ်တော့မှ မပွေဘူး"

သည်တစ်ခါ ကိုယ့်ထိလာပြီ ဖြစ်သဖြင့် ကျွန်တော့် လေသံက မသိမသာ ဆက်သွားသည်။

"အဲဒီ လိုပဲပေ့ါ၊ ယုငယ်ကိုလဲ ဘာမှ စိတ်မချစရာမရှိဘူး"

"ဒါဖြင့် ပြီးရော......"

"အင်း.....ဒီကလဲ ပြီးတာပါပဲ"

ယုငယ်နှင့် ကျွန်တော်တို့ဝိုင်းက တစ်ဖြည်းဖြည်း ပုံပြောင်းသွားသည်။ ကျွန်တော့် ခပ်ရွဲ့ရွဲ့စကားကို သူကလည်း ခပ်မဲ့မဲ့ တုံ့ပြန်သည်။

ဒါမျိုးက ကျွန်တော်တို့တွင် ဖြစ်နေကျ၊ ရည်းစားမို့ သာချစ်နေရသော်လည်း တစ်ခါတစ်ခါ မျက်နှာကျော သိပ်မတည့်၊ သူကလည်း ဂျစ်စရာရှိလျှင် စွတ်ဂျစ်သည်။

သို့သော် ခုအခြေအနေက ခါတိုင်းအခြေအနေမဟုတ်.....

ခါတိုင်းဆို ဒီလိုမျိုး ရန်ဖြစ်နေရတာ ကိုက ပျော်စရာ ကောင်းသည်။ ခုအချိန်က သည်လို မဟုတ်တော့။ ခုနေသာ ရန်ဖြစ်ရလျှင် မနက်ဖြန် လေယာဉ်ပေါ် ကျွန်တော် ဘယ်နည်းနှင့်မျှ တက်ဖြစ်မည် မဟုတ်......

ထို့ကြောင့် မာရေကျောရေ၊ ဘုကြည့် ကြည့်နေသော ယုငယ်ကို ပြုံးတုံးတုံး ပြန်ကြည့်ရင်း ရင်ခွင်ထဲ ဆွဲသွင်းသည်။ ယုငယ် လက်သီး ကျွန်တော့် ရင်ဘတ်ပေါ် ရောက်လာ၏။

"သွား....ဒါဘာလုပ်တာလဲ"

"ဘာလုပ်လုပ်"

"ဖယ်ပါ သူများကို ပြောလိုက်တာ မှိုချိုးမျှစ်ချိုး"

ကျွန်တော် ရယ်လိုက်၏။

"ဟာ.....ဘယ်တုန်းက ယုငယ်ကို ချိုးလို့လဲ"

"မသိဘူး ဖယ်.....ပြန်မယ်"

"ရမယ် အားကြီး.....တစ်သက်လုံးမပြန်ရဘူး"

"ပြန်မယ်"

"ဒီလောက်ပြန်ချင်တဲ့လူ ခုတွေ့မယ်"

ကျွန်တော်က အံကြိတ်၊ မျက်လုံးပြူး၍ သူ့မျက်နှာ နားကပ်သည်။

"အမလေး ဘာဖြစ်တာလဲ"

ယုငယ် တကယ်ကြောက်သွားပြီး အတင်း ရုန်းကန်သည်။ သည်တော့မှ ကျွန်တော်ပြုံး၏ ။ ယုငယ် မျက်စောင်းရောက်သည်။ ယုငယ် မရုန်းတော့မှ ယုငယ်ဆီ ညင်သာစွာ တိုးကပ်သည်။

ယုငယ်ဆီမှ တုန်ယင်သော အသံလေး ပေါ်လာ၏ ။

"သွား...ဘာမှန်းလဲ မသိဘူး"

ကျွန်တော်တို့ မှီထိုင်နေသော တောင်ပိန္နဲပင်ကြီး ပေါ်မှ ငှက်ကလေးတစ်ကောင် ပကျစ်ပကျစ်နှင့်အော်၍ ပျံသွား၏ ။

ထိုငှက်ကလေးသည် ကျွန်တော်တို့ရှိရာ ကမ်းစပ်လေးမှ အင်းလျား ရေပြင်ကို ဖြတ်၍ ရေလယ်ကျွန်းလေးဘက် ပျံသွားသည်။ သူ့အင် သူ့အားဖြင့် သေချာပေါက် ရောက်သွားမှာပဲဟု တွေးသည်။

ထိုရေလယ်ကျွန်းတွင် တောအုပ်စိမ်းညို့ ညို့လေးရှိ၏ ။

"ယုငယ် ကိုယ့်ဆီ စာမှန်မှန်ရေးနော်"

ယုငယ် ခေါင်းညိတ်ပြသည်။ ခုခါမှ ယုငယ်မျက်လုံးအိမ်တွင် မျက်ရည်ကြည်တို့ ဝဲရစ်လာသည်။

သို့သော် အင်းဟု မပြောတော့.........

***

# ၄

ထိုင်းလေယာဉ်မယ်လေးက ခရမ်းရင့်ရောင် သစ်ခွပွင့်လေး တစ်ပွင့်စီကို ခရီးသည်အမျိုးသမီးများအား ဝေငှသည်။ ခရီးသည် အားလုံးကိုလည်း ပလတ်စတစ်အိတ်ဖြင့် အသေအချာ ထည့်ထားသော ပစ္စည်းတစ်ခုစီလိုက်ပေးသည်။

ထိုပစ္စည်း၏ အရွယ်နှင့် ပုံစံက ထူးခြားနေသဖြင့် လှမ်းယူပြီးနောက် ဟိုပြန်သည်ပြန် ထောင်ကြည့်သည်။

"စွန်ကြီးပါလား ကိုအောင်ကြည်"

အဟုတ် စွန်ဖြစ်၏ ၊ စွန်မှ ကျွန်တော်တို့ ငယ်ငယ်က လွှတ်သော စွန်မျိုး၊ စွန်ပေါ်တွင် ဆေးရောင်များဖြင့် ယိုးဒယား ပန်းခက်များ ခြယ်ထားသောကြောင့် စောစောက အူကြောင်ကြောင် ဖြစ်သွားခြင်း ဖြစ်သည်။ မြင်နေကျစွန်များနှင့် မတူပဲ ထူးခြားနေသည်က ပန်းပွားအနီ ရှည်ရှည်တစ်ခု အမြီးတပ်ထားခြင်းပင်.....

ဘာလုပ်ဖို့လဲဟု စိတ်ထဲ ဇဝေဇဝါ ဖြစ်သွားသည်။

လေယာဉ်ပေါ်မှာ စွန်လွှတ်ဖို့တော့ ဟုတ်ဟန်မတူ.....။

"ဒီအချိန်.....သူတို့နိုင်ငံမှာ စွန်ပွဲတော် ရှိတယ်ကွ၊ ပွဲတော်တော့ မဟုတ်ဘူးပေါ့ကွာ၊ အားကစားရာသီ တစ်မျိုးပေါ့.......ဒါကြောင့် ခရီးသည်တွေကို စွန်လက်ဆောင်ပေးတာ"

ကိုအောင်ကြည်ကရှင်းပြမှ ကျွန်တော်သဘောပေါက်သည်။ ခုသည်ခရီးကတော့ ကိုအောင်ကြည်ပါလို့သာတော်တော့သည်။ နို့မို့ ကျွန်တော်တော့ ဒုက္ခ။

စောစောကလည်း ပြဿနာ တစ်ခု တွေ့ပြီးပြီ၊ ယုငယ်အကြောင်း ပြန်စဉ်းစားနေစဉ် ထိုင်ရသော ထိုင်ခုံက နည်းနည်းမတ်နေသဖြင့် သက်တောင့်

သက်သာ မဖြစ်။ သူများတွေခုံလုမ်းကြည့်တော့။ သူများ ခုံတွေက သူ့ဟာနှင့်သူ အလိုက်သင့်ခပ်လှဲလှဲ ဖြစ်နေသည်။ သူများတွေ သက်တောင့် သက်သာ ဖြစ်နေသည်ကိုတွေ့သဖြင့် ထိုင်ခုံမှာ အနေအထား ပြင်နိုင်သော အထိန်းခလုတ်ပါမည်ဟု တွက်ပြီး လိုက်ရှာသည်။

ထိုင်ခုံလက်ရန်း၊ ကျောဘက်၊ ဘေးဘက်၊ ရှေ့ဘက်....စုံနေအောင် လက်ဖြင့်စမ်း၍ ရှာသည်၊ မတွေ့။ လက်ရန်းပေါ်တွင်လည်း.....လေယာဉ်ပေါ်မှ အသံလွှင့် အစီအစဉ်ကို နားထောင်နိုင်သော ပလပ်ပေါက်နှင့် နားကျပ်သာ ရှိသည်။

ကျွန်တော် ဖင်တစ်ကြွကြွနှင့် ဟိုစမ်းသည်စမ်း လုပ်နေသည်ကို ကြည့်ပြီး ကိုအောင်ကြည် မနေနိုင်။

"ဘာဖြစ်တာလဲ ကောင်လေး"

ကိုအောင်ကြည်က ကျွန်တော့်ထက် ဆယ်နှစ်နီးပါးကြီးသော အစ်ကိုအရွယ်ဖြစ်သဖြင့် ကျွန်တော့်ကို ကောင်လေးပဲ ခေါ်သည်။ တစ်ခါတစ်ရံမှသာ ရဲမြတ်ထူး သုံးသည်။ ထို့ကြောင့် ကောင်လေး ဆိုသော အသုံးကို ကျွန်တော် နားမစိမ်းတော့......။

"ထိုင်ခုံ နည်းနည်း နောက်လျှောချင်လို့ ကိုအောင်ကြည်၊ သိပ်မတ်နေလို့ ထိုင်မကောင်းဘူး"

သူက ရယ်သည်။ ပြီးမှ ထိုင်ခုံအောက်ဘက် လက်ညွှန်း၍ .......

"မင်း ထိုင်ခုံ အောက်တည့်တည့်မှာ၊ အဲဒီ ခလုတ်နဲ့ မင်း ကြိုက်သလို ရွှေ့"

သည်တော့မှ ကျွန်တော် ခလုတ်ရှာတွေ့သည်။

ကျွန်တော့်ရှေ့ ထိုင်ခုံ နောက်ကျောဘက်တွင် ထည့်ထားသော ဆာဝါဒီမဂ္ဂဇင်းတို့၊ လေကြောင်း ခရီးစဉ်တို့၊ အစားအသောက် စာရင်းတို့၊ အန်လျှင်

ထည့်စရာအိတ်တို့၊ အသက်ကယ် ညွှန်ကြားချက်တို့လည်း ကိုယ်နှင့်မဆိုင်သကဲ့သို့ မထိရဲ၊ ကိုအောင်ကြည် ပြောမှ ထိရဲ ကြည့်ရဲသည်။

ခုလဲ....ဘာပြောပြော စွန်နှင့် ပတ်သက်၍ ထိုင်းနိုင်ငံ၏ ခလေ့တစ်ခုကို သိခွင့်ရလိုက်ပြန်သည်။ သည်လို ခရီးမျိုးမှာ တစ်ယောက်တည်းသာဆိုပါက သိပ်မလွယ်.....၊ ဘဝမှ လေယာဉ်ပျံ ဆိုသည်ကိုပင် ခုမှ စီးဖူးသည့်ကိစ္စ.....။

"သူတို့ဆီမှာက တို့နိုင်ငံလိုပဲ ဆယ့်နှစ်ရာသီ ပွဲတော် မပြတ်ဘူးကွ၊ မင်းတွေ့မှာပါ၊ ဟိုကျယင် သင်္ကြန်နဲ့ တို့ကြုံဦးမှာပဲ"

သင်္ကြန်ဆိုသဖြင့်.....ယုငယ်ကို ဖြတ်ကနဲ သတိရသည်။

သို့သော် သိပ်ကြာကြာတော့ သတိမရချင်သေး။ လေယာဉ်ပေါ်မှာ ကိုယ်မသိတာလေး၊ ဗဟုသုတလေးရှာချင်သေးသည်။ စီးရမည့်အချိန်က လေးဆယ့်ငါးမိနစ်သာ ဖြစ်သဖြင့် ဇိမ်နှင့် လေ့လာချိန်မရ......။

ရှေ့ခုံနောက်ကျောမှ စာရွက်ရှည်ရှည်လေး နှစ်ခုကို ယူလိုက်သည်။

တစ်ခုက နှစ်ခေါက်စာရွက်၊ မျက်နှာစာတွင် ၁၉-ရာစု နံ့ရံ ဆေးရေးပန်းချီ၊ ဝတ်ဆူလက်၊ ဗန်ကောက်ဟု စာတန်းထိုးထားသော နံ့ရံဆေးရေး ပန်းချီကားကို ပုံနှိပ်ထားသည့်ပုံ ရှိသည်။ ပုံအောက်တွင် ထိုင်းလေကြောင်း တံဆိပ်နှင့် မီနူး၊ အစား အသောက် စာရင်းဟု ရေးထားသည်။

ပန်းချီကားကို ကြည့်ရသည်မှာ ကျွန်တော်တို့ဆီမှ ပုဂံ နံ့ရံ ဆေးရေးလိုလို၊ ယွန်းပန်းချီလိုလို ခံစားရသည်။ အလယ်မျက်နှာကို ဖွင့်ကြည့်၏ ။ ဗန်ကောက်-ရန်ကုန်၊ ရန်ကုန်-ကလကတ္တား၊ ကလကတ္တား-ရန်ကုန်၊ ရန်ကုန်-ဗန်ကောက်ဟု စာလုံးမည်းကြီးများဖြင့် ခေါင်းစဉ် တပ်ထားသော ခရီးစဉ် လေးခု အတွက် အစားအသောက် စာရင်းကို တွေ့ရသည်။

ကျွန်တော်တို့နှင့် ဆိုင်သော ရန်ကုန်-ဗန်ကောက် စာရင်းအောက်၌

....မျက်နှာဖွင့် ဆင်းဒဝစ်ချ်ဟု စွတ်ရွတ် အမိပ္ပာယ်ပြန်လို့ရသည့် အင်္ဂလိပ်စာတန်း။ အောက်ဘက်တွင် ဘာ ဘာသာမှန်းမသိ၊ အင်္ဂလိပ် အက္ခရာဖြင့် ရေးထားသော စာတန်း အောက်က ထိုင်းစာဟု ထင်ရသည့် စာတန်း။

သူ့အောက်က လက်ဖက်ရည်၊ ကော်ဖီဟု အထက်ကနည်းတူ ဘာသာသုံးမျိုးဖြင့် ရေးထားသည်။

ဒါတွေက စားပြီးသောက်ပြီးပြီမို့ သိပ်မထူးဆန်း။ သို့ဖြင့် နောက်စာရွက်ကို ကောက်ယူကြည့်သည်။

သင့်ကို ကျွန်ုပ်တို့ ဖျော်ဖြေပါရစေ...ဟု အမိပ္ပာယ် ရသည့် အင်္ဂလိပ်စာတန်းကို အလျင်မြင်ရသည်။ အဖုံးကပုံက ဗန်ကောက်အမျိုးသားပြတိုက်မှ နံရံဆေးရေးပန်းချီကားပုံ၊ လူသုံးယောက် တူရိယာပစ္စည်းများကို တီးနေသည့်ဟန်.....။

အထဲမှာကတော့ ဖျော်ဖြေသည့် ဂီတ စာရင်းက မနည်း။ ဆင်ဖိုနီလို ဂန္တဝင် ဂီတကစ၍ ရယ်စရာများ အထိ ပါသည်။ သီချင်းခေါင်းစဉ်တွေကလည်း နည်းသည်မဟုတ်။

သည်တော့မှ သီချင်းလေး ဘာလေး နားထောင်ချင်စိတ်ပေါ်လာသည်။ သူ့စာရင်းကတော့ စာရင်းပေါ့၊ ဒါပေမယ့် သူဖွင့်တာပဲ ကိုယ်နားထောင်ရမှာမို့ စာရင်း ဖတ်မနေတော့ပဲ နားကပ်လေးကောက်ထပ်၍ ပလပ်ထိုးသည်။

အဲ.....ကံကောင်းချင်တော့ ကြားဖူးနေသည့် သီချင်း၊ အင်္ဂလိပ် စာသားတော့မသိ၊ ဗမာလိုပြန်ဆိုထားတာ တစ်သိန်းလောက်ရှိသဖြင့် မှတ်မိနေသော သီချင်းဖြစ်သည်။

“အချစ်သည် အပြာရောင်” ဆိုသော လပ်ဗ်ဒစ်ဘလူးသီချင်း ကိုယ့်ဘာသာကိုယ် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် စိတ်ထဲက လိုက်ဆိုမိသည်။

"စိတ္တဇ မိုးညရဲ့ အလယ် အဖြစ်များပြန်ပြောပြ မငိုနဲ့ အမိုက်မရယ်....."

စာသား မှန်မမှန်တော့ ကျွန်တော်မသိ၊ နားထဲက အဆိုတော်ကလည်း သူ့ဟာသူ ဆိုချင်ရာဆိုသည်၊ ကျွန်တော်ကလည်း စိတ်ထဲက ဆိုချင်ရာဆိုတော့၏။

သူ့ဟာနဲ့ သူကတော့ ငြိမ့်လို့.......

***

"လူသားကို စားတဲ့ ကျားတစ်ထောင် နယ်မြေ အလယ်"

ချာလီဘက်၏ စာသားကို ကိုယ့်နည်း ကိုယ့်ဟန်ဖြင့် စိုးပိုင် ဘာသာပြန်ဆိုယင်း သည်နေရာရောက်မှ အလန့်တကြား သတိရသည်။

ဆိုင်တော့ သိပ်ဆိုင်လှသည် မဟုတ်။ သတိရသည်က ယုငယ်၏ စာ၊ လေဆိပ်တုန်းက လေယာဉ်ပေါ်ကျမှဖတ် ဆိုသဖြင့် တစ်ခါမှ ဒီလောက် နားမထောင်ဖူးသော ယုငယ်၏ စကားကို နားထောင်ကာ ဖီလင်ရိုက်နေခဲ့သည်။ ခုမှ သတိရ၏။

ကျွန်တော် ကပျာကယာပင် အိတ်ထဲမှ စာအိတ်လေးကို ထုတ်သည်။

တော်သေးတာပေါ့၊ စိုးပိုင်၏ စာသားကို အကြောင်းပြု၍ ဒေသကောလိပ်မှ ငနဲမျိုးစုံကြားမှာ တစ်ယောက်တည်းကျန်ရှိမည့် ယုငယ်ကို သတိရပြီး စာအမှတ်ရလို့၊ နို့မို့သည်လိုနေရာမျိုးမှာ သည်လောက်ကောင်းသည့် ခံစားမှုလေးများစွာ ဆုံးရှုံးသွားနိုင်သည်။

ဟုတ်ပြီ.......

သွားပေရော့ ချာလီဘတ်....

နားကျပ်ကို ဖြုတ်လိုက်၏။

***

ချစ်ရတဲ့ ကိုလေးရယ်......

ယုငယ် ဒီစာကို ရေးနေတော့ ယုငယ်ငိုနေရတယ်.......

နေ့လယ်က တစ်နေ့လုံး ကိုလေးနဲ့ လျှောက်သွားနေတုန်းကတော့ ကိုလေးက

ယုငယ် အနားမှာမို့လား၊ ယုငယ်နဲ့ ကိုလေးခွဲရတော့ မယ်ဆိုတာကို မေ့နေခဲ့တယ်၊

ကိုလေး မရှိယင် ယုငယ် ဘယ်လို ခံစားရမယ်ဆိုတာလဲ ယုငယ် မစဉ်းစားမိဘူး.....။

"ဘာတဲ့လဲကွ"

နံဘေးမှ ကိုအောင်ကြည်က ရယ်သံဖြင့် လှမ်းမေးလိုက်သဖြင့် ယုငယ် ချွဲနေသည့်စာကို ဖတ်ယင်း လွမ်းမလို့ လုပ်နေသော ကျွန်တော့် ဖီလင်များ အောက်ထွက်သွားသည်။

"ဟာ....ဖတ်တောင် မဖတ်ရသေးဘူးဗျ"

"ဖတ်မနေပါနဲ့.....ကိုလေးနဲ့ ခွဲရမှာ ဘာဖြစ်တယ် ညာဖြစ်တယ်နဲ့ မင်းကို နဖားကြိုးခိုင်ခိုင်တုပ် ထားတဲ့ စာပဲဖြစ်မှာပဲ"

"နေစမ်းပါဗျာ....ဒီမှာ ငိုတောင်ငိုမလို့ လုပ်နေတဲ့ ဖီလင်လေး ခင်ဗျား လုပ်တာနဲ့ ပျက်သွားပြီ"

ကျွန်တော်က ခေါင်းကုတ်ယင်း ရှုံးမဲ့ပြောသည်။ ကိုအောင်ကြည်က ဘာမှ ထပ်မပြောတော့ပဲ ရယ်နေ၏ ။ စောစောက ပျောက်သွားသော ခံစားမှုလေး

ပြန်အရဖမ်းသည်။ တဝီဝီ မြည်နေသော လေယာဉ်စက်သံလေး နားထဲတွင် ပြန်ဝေးသွား၏ ။

အဲဒီ တုန်းက ကိုလေး ပြောခဲ့တဲ့ စကားတွေကိုလဲ ယုငယ် သိပ်အလေးအနက် မထားခဲ့မိဘူး.....

ခု......အိမ်ပြန်ရောက်ပြီး ယုငယ် တစ်ယောက်တည်း ရှိနေတော့မှ မနက်ဖြန်ဆို ယုငယ်နဲ့ ကိုလေး ခွဲရတော့မှပါလားလို့လဲ သေချာတွေးမိရော.....ယုငယ် အရမ်းငိုချင်လာတာပဲ ကိုလေးရယ်......

ယုငယ်...စိတ်ရှိလက်ရှိကို ငိုပစ်လိုက်တယ်......။

ပြီးတော့ ကိုလေးကိုလဲ ယုငယ် သိပ်သတိရတာ ပဲ......

ပြီးတော့ .....ယုငယ်....ကိုလေးကို ဘယ်လောက် ချစ်သလဲဆိုတာလဲ ခုမှ ယုငယ်သိတယ် ကိုလေးရယ်.....။ တကယ်ပြောတာပါ ကိုလေးရယ်...... ယုငယ်လေ.....ယုငယ် ကိုလေးကို သိပ်ချစ်တယ်သိလား၊ ယုငယ် ကိုလေးကို ဘယ်လိုမှ အကြာကြီးခွဲနေနိုင်မှာ မဟုတ်ဘူးကို ကိုလေးရယ်။

ဖြစ်နိုင်ယင်လေ- မနက်ဖြန် ကိုလေး သွားမယ့် ခရီးကို တစ်ခါတည်းတောင် ဖျက်ခိုင်းလိုက်ချင်တယ်၊ ပြီးတော့ ကိုလေးကို တအားဖက်ပြီး ကိုလေးဘယ်မှ မသွားရဘူး။

ယုငယ်နားကနေ ကိုလေး တစ်ဖဝါးမှ မခွာရဘူးလို့ တစ်အားငိုပြီး ပြောလိုက်ချင်တယ်......

ရင်ထဲသို့ ဝင်ရောက်လာသော ဆွေးမြည့်သည့် ခံစားမှုလေးကို သတိပြုမိသည်။ ရင်ဝတစ်ဝိုက်တွင် အပူငွေ့ဖြင့် နေရခက်လာ၏ ။ မျက်လုံးထဲတွင် စူးရှရှ ဝေဒနာလေးနှင့် အတူ မျက်ခမ်းစွန်းများ စိုစွတ်လာ၏ ။ မျက်တောင်ကို သွက်သွက်ခတ်၍ ကျလုဆဲ မျက်ရည်ကို ထိန်းချုပ်လိုက်သည်။

ဒါပေမယ့်....ကိုလေးရယ်....ယုငယ်တို့ ဘဝကို ယုငယ်တို့ပဲ အသိဆုံးမို့လား၊ ကိုလေး ဘယ်လို ရည်ရွယ်ချက်နဲ့ သွားတယ်ဆိုတာကို သေချာသိနေတဲ့ ယုငယ်အဖို့ ဘယ်လိုတားမလဲ.....

ယုငယ်တော့ လွမ်းရပြီ ကိုလေ.....

ဘဝမှာတစ်ခါမှ မလွမ်းဖူးတဲ့အတွက် ဘယ်လိုလုပ်ပြီး အလွမ်းကို ဖြေရမယ်ဆိုတာတော့ ယုငယ် မသိသေးဘူး၊ တစ်နှစ်ကျော်ကျော် ဆိုတဲ့ကာလကြီးကို တစ်ရက်ချင်း တစ်ရက်ချင်း တစ်နာရီချင်း တစ်နာရီချင်း၊ တစ်စက္ကန့်ချင်း တစ်စက္ကန့်ချင်း မြန်မြန်ကုန်ပါစေလို့ ဆုတောင်းပြီး လွမ်းရ တော့မယ် ထင်ပါရဲ့ ကိုလေးရယ်.....

ယုငယ်ရင်ထဲမှာလေ.....ပြောချင်တဲ့ စကားတွေ ပြည့်ကျပ်နေတာပဲ၊ ဒါပေမဲ့ ယုငယ် ဘယ်လိုပြောရမှန်း မသိဘူး.......

မနက်ဖြန် ကိုလေးကို ယုငယ် လာနှုတ်ဆက်တဲ့ အချိန်ကျယင်လဲ လေဆိပ်မှာ တစ်ခြားလူတွေလဲ ရှိနေအုံး မှာဆိုတော့ ယုငယ်ပြောလို့ ရမှာ မဟုတ်ဘူး၊ ဒါကြောင့် တမင်ပဲ စာကြိုရေးထားလိုက်တာပါ.......

ယုငယ်ကို ယုံပါ ကိုလေးရယ်....ယုငယ်ကို စိတ်ချပါ။

ယုငယ်လေ....ကိုလေးကလွဲပြီး ဘယ်သူ့ကိုမှ မချစ်ပါဘူး၊ ကိုလေးပြန်လာမယ့် နေ့ကိုပဲ ယုငယ် လက်ချိုးမျှော်နေပါ့မယ်။

ကိုလေး ရည်ရွယ်ချက်တွေ ပြည့်စုံအောင် စိတ်ချလက်ချနဲ့ ကြိုးစားပါ၊ ကိုလေးရဲ့ ရည်ရွယ်ချက်တွေ အမြန်ဆုံးပြည့်စုံမှ ယုငယ်နဲ့ကိုလေး အမြန်ဆုံး နီးရမယ် ဆိုတာ ယုငယ် နားလည်ပါတယ်......။

ဟိုရောက်ယင် ရောက်ရောက်ချင်း ယုငယ်ဆီ စာရေးပါနော်......။

ယုငယ်လဲ စာမှန်မှန် ရေးပါမယ်......။

နေတာထိုင်တာ သွားတာလာတာ စားတာသောက်တာလဲ ဆင်ခြင်ပါ ကိုလေးရယ်။ သူများရေ သူများမြေမှာဆိုတော့ ကိုယ့်ရေကိုယ့်မြေလို စိတ်တိုင်းကျနေလို့တော့ ဘယ်ဖြစ်ပါ့မလဲ.....။

ကဲ....တော်သေးပြီ ကိုလေးရယ်.......

နောက်စာကျမှပဲ ပြောစရာတွေ အများကြီး ပြောတော့မယ်........။

**ကိုလေးရဲ့အသက်**

**ယုငယ်**

အောင့်ထားသော သက်မကို ခုမှချမိသည်။

"ငါပြောတဲ့ အတိုင်းပဲ မဟုတ်လား ကောင်လေး"

ကျွန်တော့် အမူအရာကို ဘယ်တုန်းကတည်းက စောင့်ကြည့်နေသည်လည်းမသိ။ ကျွန်တော် စာဖတ်၍ ဆုံးသည်နှင့် ကိုအောင်ကြည်က ချက်ချင်းလှမ်းမေးသည်။ ကျွန်တော်က ပြုံး၍ ........

"ခင်ဗျားပြောသလို မဟုတ်ဘူးဗျာ၊ ကျွန်တော့်ကို ဘယ်လောက်ချစ်တယ်၊ ဘယ်လောက်လွမ်းတယ်ဆိုတာ ရေးထားတာပါ"

ကိုအောင်ကြည်က ရယ်သည်။ သူ့ ရယ်သံကြောင့် ကျွန်တော်တို့ နှင့် တစ်တန်းတည်း အလယ်ထိုင်ခုံမှ နိုင်ငံခြားသားတစ်ယောက်က လှည့်ကြည့်သည်။ ကိုအောင်ကြည်ကတော့ ဘာမျှ ဂရုမစိုက်။ ရယ်ရင်းနှင့် သူပြောချင်တာပြောသည်။

"ဘာထူးသေးလဲ ရဲမြတ်ထူးရာ.....အဲဒါလဲ နဖားကြိုးကို ခိုင်ခိုင်တုပ်တာပဲပေါ့၊ မင်းစိတ်ထဲမှာ ဟိုရောက်ရင် လိမ်လိမ်မာမာနေတော့ မယ်ဆိုတဲ့စိတ် ပေါ်မလာဘူးလား"

"ဟာ......ဒါက ကျွန်တော် အစကတည်းက ဆုံးဖြတ်ထားတဲ့

ဆုံးဖြတ်ချက်ပါ ကိုအောင်ကြည်ရာ”

“သြော်.....ဒါဖြင့် အစောကြီးကတည်းက နဖားကြိုးက ခိုင်ပြီးသားပေါ့”

ကျွန်တော် ဘယ်လိုပြောပြော ဇွတ်ကြီးကို နဖားကြိုးတပ်နေ သဖြင့် ကျွန်တော် ဘာမှထပ်မပြောတော့။ သူပြောသမျှ ငြိမ်နေတာက သက်သာလိမ့်မည်ဟု တွေးမိ၍ သူ့စကားကို အလိုက်သင့် ရယ်၍ တုံ့ပြန်လိုက်ပြီး လေယာဉ်ပြတင်းပြန်၍ မျက်နှာမူသည်။

“အို.....”

နိမ့်ဆင်းနေသော လေယာဉ်၏ ပြတင်းမှ နေ၍ မြေပြင်ကို လှမ်းမြင်လိုက်ရသည်။

စာရွက် တစ်ရွက် ပေါ်မှာ စကေးကိုက် မြေပုံတစ်ပုံကို ချဆွဲထား သကဲ့သို့ လယ်ကွင်းများ၊ ချောင်းများ၊ တိုက်တာ အဆောက်အအုံးများ စသည်တို့ကို သူ့ အရောင်နှင့်သူ သူ့ အကန့်ကနှင့်သူ မြင်ရ၏ ။

ဗန်ကောက်.......။

ဗန်ကောက်ဖြစ်မည်ဟု ထင်သည်။

အိမ်ခြေတိုက်တာများထဲတွင် နေရာပေါင်း များစွာ၌ အမိုး ချွန်ချွန် စုလစ်မွမ်းချွန်များနှင့် အမိုးနီ အဆောက်အအုံးများကို တွေ့လိုက်ရ၏ ။

အချိန်သည် ညနေ ငါးနာရီ လေးဆယ့်ငါးမိနစ် ပြည့်ရန် မိနစ်ပိုင်းမျှသာ လိုတော့သည်။

***